# ၂၀၂၄ ခုနှစ် အမျိုးသမီးဆိုင်ရာ အချက်အလက်

## ၂၀၂၄ ခုနှစ် တစ်နှစ်တာအတွင်း အမျိုးသမီး (၄၇၈) ဦး သေဆုံးခဲ့သည်။

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ (၁)ရက်နေ့ အကြမ်းဖက်စစ်အုပ်စု၏ အာဏာသိမ်းရန်ကြိုးပမ်းသည့် အချိန်မှာ ယခုနှစ်တိုင်လျှင် (၄)နှစ်နီးပါးရှိလာခဲ့ပြီဖြစ်သည်။ ထိုကာလတလျှောက် အကြမ်းဖက် စစ်အုပ်စုသည် စစ်ရာဇဝတ်မှုနှင့် လူသားမျိုးနွယ်များအပေါ် ကျူးလွန်သောရာဇဝတ်မှုများ အပါအဝင် အမျိုးမျိုးသော လူ့အခွင့်အရေးချိုးဖောက်မှုများကို နည်းမျိုးစုံဖြင့် ဆက်လက် ကျူးလွန် နေခြင်းကြောင့် အမျိုးသမီးများသည်လည်း နေ့စဉ်နှင့်အမျှ အသက်ဆုံးရှုံးနေရသည်။ ၂၀၂၄ တစ်နှစ်တာအတွင်းလျှင်ပင် အမျိုးသမီး (၄၇၈) ဦး အသက်ဆုံးရှုံးခဲ့ရသည်။ ယခုဖော်ပြပါ အချက်အလက်များသည် မြန်မာ့အမျိုးသမီးသမဂ္ဂမှ တိကျခိုင်လုံသော သတင်းမီဒီယာများ၏ သတင်းအချက်အလက်များကို စောင့်ကြည့် မှတ်တမ်းတင်မှုများအပြင် မြေပြင်မှအချက်အလက် ကောက်ယူထားမှုများကို ပြန်လည်စုစည်းတင်ပြထားခြင်းဖြစ်သည်။


မှတ်ချက်။ လက်တွေ့မြေပြင် အခြေအနေတွင် သတင်းအချက်အလက် စီးဆင်းမှုများ၌ စိန်ခေါ်မှုများရှိနေဆဲဖြစ်သောကြောင့် မိမိတို့အနေဖြင့် လက်လှမ်းမီရန် အခက်အခဲများ ရှိသဖြင့် ကိန်းဂဏန်းများသည် ယခုထက်ပို၍ များနိုင်ပါသည်။

**သေဆုံးသူ**




အမျိုးသမီး (၄၇၈) ဦး

**ထိခိုက်ဒဏ်ရာရသူ**




အမျိုးသမီး (၄၁၂) ဦး


# အမျိုးသမီးသေဆုံးသူ အရေအတွက်နှင့် ထိခိုက်ဒဏ်ရာရသူ အရေအတွက်




မြန်မာ့အမျိုးသမီးသမဂ္ဂအနေဖြင့် သတင်းမီဒီယာများမှ အချက်အလက် စောင့်ကြည့်လေ့လာ မှတ်တမ်းတင်ထားမှုများ အရ ၂၀၂၄ ခုနှစ် တစ်နှစ်တာအတွင်း နိုင်ငံတစ်ဝှမ်း အမျိုးသမီး (၄၇၈)ဦး အသက်ဆုံးရှုံးခဲ့သည်။ ထို့ကဲ့သို့ အသက်ဆုံးရှုံးခဲ့ရသည့်အကြောင်းရင်းများမှာ အကြမ်းဖက်စစ်အုပ်စု၏ လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်မှုကြောင့် (၂၅၇)ဦး၊ ပြည်သူများ၏ ရွာနှင့်နေအိမ်များအား ပစ်မှတ်ထားလက်နက်ကြီးပစ်ခတ်မှုကြောင့် (၁၄၂)ဦး၊ မြန်မာအမျိုးသား ဒီမိုကရက်တစ် မဟာမိတ်တပ်မတော် (MNDAA) မှ သေဒဏ်ပေးခံရမှုကြောင့် (၁)ဦး၊ မတရားသတ်ဖြတ်မှုကြောင့် (၆၆)ဦး၊ မြေမြှုပ်မိုင်းကြောင့် (၇)ဦး၊ နှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများကြောင့် (၆) ဦးတို့ ဖြစ်ပါသည်။ ထို့အပြင် အမျိုးသမီးပေါင်း (၄၁၂)ဦးလည်း ဒဏ်ရာရရှိခဲ့ပြီး ၎င်းတို့သည် အကြမ်းဖက်စစ်အုပ်စု၏ လေကြောင်းတိုက်ခိုက်မှုကြောင့် (၁၉၁)ဦး၊ လက်နက်ကြီးပစ်ခတ်မှုကြောင့် (၁၅၂)ဦး၊ မတရားသတ်ဖြတ်မှုကြောင့် (၁၀)ဦး၊ မြေမြှုပ်မိုင်းကြောင့် (၄၂)ဦး၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများကြောင့် (၁၂) ဦး နှင့် အကြမ်းဖက် စစ်အုပ်စု၏ အကျဉ်းထောင်တွင်း နှိပ်စက်မှုများကြောင့် (၅) ဦးတို့ ဖြစ်ကြသည်။

# တိုင်းနှင့်ပြည်နယ်အလိုက် အမျိုးသမီးသေဆုံးမှုပြ မြေပုံ




မြန်မာအမျိုးသမီးသမဂ္ဂ၏ အချက်အလက်ကောက်ယူ မှတ်တမ်းတင်မှုများအရ ၂၀၂၄ ခုနှစ် တစ်နှစ်တာ အတွင်း အသက်ဆုံးရှုံးခဲ့သည့် အမျိုးသမီးဦးရေသည် စစ်ကိုင်းတိုင်းဒေသကြီးမှ (၁၀၉) ဦး၊ ရှမ်းပြည်နယ်မှ (၉၂) ဦး၊ ရခိုင်ပြည်နယ်မှ (၈၃) ဦးနှင့် မန္တလေးတိုင်း ဒေသကြီးမှ (၆၇)ဦးတို့ ဖြစ်ကြပြီး စစ်ကိုင်းတိုင်းဒေသကြီးသည် ၂၀၂၄ ခုနှစ် တစ်နှစ်တာအတွင်း အမျိုးသမီး သေဆုံးမှု အများဆုံး တိုင်းဒေသကြီး ဖြစ်သည်။

**မြန်မာအမျိုးသမီးသမဂ္ဂ**

https://www.facebook.com/burmesewomensunion

https://burmesewomensunion.org